

# JOINT SURVEY ON THE IMPACT ON BUSINESSES OPERATING IN MYANMAR

## BY FOREIGN CHAMBERS OF COMMERCE IN MYANMAR

## REPORT & SUMMARY OF FINDINGS

## APRIL 2021

AMCHAM MYANMAR
AUSTCHAM MYANMAR
British Chamber of Commerce Myanmar
CCI FRANCE MYANMAR
EUROCHAM MYANMAR
GMBC GERMAN MYANMAR BUSINESS CHAMBER
GREECE - MYANMAR CHAMBER OF COMMERCE
IMBA
JCCM
NEW ZEALAND MYANMAR CHAMBER OF COMMERCE
Singapore Association Myanmar

## မိတ်ဆက်

၂၀၂၁ ခုနှစ်မတ်လ ၃၁ ရက်နေ့တွင် မြန်မာနိုင်ငံရှိလုပ်ငန်းလုပ်ကိုင်နေသော နိုင်ငံခြားကုန်သည်ကြီးများအသင်း (၁၀) သင်း ပူးပေါင်းပြီး လတ်တလောအခြေအနေများက မြန်မာနိုင်ငံရှိကုမ္ပဏီများအပေါ် မည်သို့မည်ပုံ သက်ရောက်သည် ကို လေ့လာနိုင်ရန်အတွက် စစ်တမ်းကောက်ယူမှုပြုလုပ်ခဲ့ပါသည်။

စစ်တမ်းကောက်ယူရာတွင် ပါဝင်ခဲ့သော နိုင်ငံခြားကုန်သည်ကြီးများအသင်း (၁၀) သင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

- American Chamber Myanmar
- Australian Chamber Myanmar
- British Chamber Myanmar
- CCI France Myanmar
- EuroCham Myanmar
- German Myanmar Business Chamber
- Greek Myanmar Chamber of Commerce
- Italy Myanmar Business Association
- Japan Chamber of Commerce and Industry, Myanmar (JCCM)
- New Zealand Chamber Myanmar

အချက်အလက်များ၏လုံခြုံမှုကိုသေချာစေရန် နှင့် စစ်တမ်းတွင်ပါဝင်ဖြေဆိုသော ကုမ္ပဏီများအနေဖြင့် တတ်နိုင်သမျှမှန်ကန်စွာ ဖြေကြားနိုင်ရန်အတွက် ဤစစ်တမ်းကို **၁၀၀% အမည်မသိကောက်ယူထားခြင်းဖြစ်သည်။**

အထက်ပါအကြောင်းပြချက်ကြောင့်ပင် စစ်တမ်းကောက်ယူသော ကုန်သည်ကြီးများအသင်းများအနေဖြင့် ဤစစ်တမ်းတွင် ပါဝင်ဖြေဆိုမှု မပြုလုပ်ခဲ့ကြပါ။

### စစ်တမ်း၏ရည်ရွယ်ချက်

ဤစစ်တမ်းသည် ၂၀၂၀ ခုနှစ်တွင် Covid-19 ကူးစက်မှုကြောင့် တနှစ်တာ စီးပွားရေးအကျပ်အတည်းနှင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ဖြစ်ပွားခဲ့သော နိုင်ငံရေးအကျပ်အတည်းတို့က မြန်မာနိုင်ငံရှိစီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသော နိုင်ငံခြားကုမ္ပဏီများအပေါ် မည်သို့မည်ပုံအကျိုးသက်ရောက်မှုရှိသည်ကိုအကဲဖြတ်နိုင်ရန်ရည်ရွယ်သည်။

မသေချာမရေရာမှုများဖြစ်ပေါ်နေသောကာလအတွင်း မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေး အခြေအနေ နှင့် ပတ်သက်၍ ၂၀၂၁ ခုနှစ်အကုန်အထိ နောက်လာမည့်လများအတွက် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေသည် မည်သည့်လမ်းကြောင်းသို့ ဦးတည်သွားနိုင်ကြောင်း ကို ခန့်မှန်းနိုင်ရန်အတွက် အဖိုးတန်သောအချက်အလက်များပါဝင်သော စစ်တမ်းလည်း ဖြစ်ပါသည်။

အထက်ပါအကြောင်းပြချက်များကြောင့် စစ်တမ်းကို ကဏ္ဍ၃ရပ်ဖြင့် ဖွဲ့စည်းထားပါသည်။

- အပိုင်း ၁ – ၂၀၂၀ ခုနှစ် Covid-19 ကပ်ရောဂါ တစ်နှစ်တာကာလအတွင်း အခြေအနေ။
- အပိုင်း ၂ – ဖေဖော်ဝါရီလ ၁ရက်နေ့မှ စတင်၍ နိုင်ငံရေး အကျပ်အတည်းများ၏ အခြေအနေ။
- အပိုင်း ၃ – ၂၀၂၁ ခုနှစ် နှစ်ကုန်အထိ လာမည့်လများအတွင်း ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို မှန်းဆအကဲဖြတ်ခြင်း။

## စစ်တမ်းအဖြေများကိုသုံးသပ်ခြင်း

စစ်တမ်းအတွက် အချက်အလက်များကောက်ယူရာတွင် အချိန်တိုအတွင်းအချက်အလက်များကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ကောက်ယူနိုင်ရန်ကိုလည်းကောင်း၊ ကုမ္ပဏီများအနေဖြင့် အမည်မသိဖြေဆိုနိုင်စေသော လုံခြုံမှုကိုလည်းကောင်း ထည့်သွင်းစဉ်းစားပြီးမှသာ အချက်အလက်များကို ကောက်ယူခဲ့ခြင်းဖြစ်ပါသည်။

သို့ပါသောကြောင့် ဤစစ်တမ်းသည် အဖြေတခုချင်းစီအတွက် မည်သည့်ကုမ္ပဏီကဖြေဆိုသည်ကို မသိရှိနိုင်ပဲ ဖြေဆိုမှုအချက်အလက်များအားလုံး၏ အနှစ်ချုပ်ကိုသာ စုပေါင်းဖော်ပြထားခြင်းဖြစ်ပါသည်။

## ပါဝင်ဖြေဆိုသူများ၏ ယေဘုယျအချက်အလက်

စစ်တမ်းဖြေဆိုမှုများကို မပိတ်သိမ်းခင် ဧပြီလ ၉ရက် ၂၀၂၁ ခုနှစ်အထိ ပါဝင်ဖြေဆိုသူ ကုမ္ပဏီပေါင်း **၃၇၂ ကုမ္ပဏီက** ဤစစ်တမ်းတွင် ဝင်ရောက်ဖြေဆိုထားခြင်းဖြစ်ပါသည်။


မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောထောင်နှင့်ချီသောနိုင်ငံခြားကုမ္ပဏီများနှင့် ထောင်သောင်းချီသောမြန်မာကုမ္ပဏီများက ဤစစ်တမ်းတွင်ပါဝင်သော ကုမ္ပဏီအရေအတွက်က ဈေးကွက်တွင်းရှိကုမ္ပဏီများအား မည်မျှ ကိုယ်စားပြုနိုင်မည်နည်းဟု မေးခွန်းထုတ်နိုင်ပါသည်။


အာဆီယံဒေသတွင်းရှိကုမ္ပဏီများအနေဖြင့်လည်း ဤစစ်တမ်းတွင် အာဆီယံကုမ္ပဏီ ၁၇ခုကသာ ဖြေဆိုထားသောကြောင့် အလားတူမေးခွန်းထုတ်နိုင်ပါသည်။ **ထို့ကြောင့် ဤစစ်တမ်းရလဒ်သည် ဈေးကွက်တွင်းရှိ အာဆီယံကုမ္ပဏီများ အားလုံး၏ အခြေအနေကို ကိုယ်စားပြုသည်ဟု သတ်မှတ်၍ မရနိုင်ပါ။**

သို့ရာတွင် ဤစစ်တမ်းသည် အောက်ပါ အကြောင်းအရင်းများကြောင့် အသုံးဝင်သော စစ်တမ်းဖြစ်နေကြောင်း ရှင်းပြလိုပါသည်။


- ဤစစ်တမ်းတွင်ပါဝင်သော ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံသော နိုင်ငံ၊ ကုမ္ပဏီလည်ပတ်မှု အရွယ်အစား၊ ထုတ်ကုန်/ဝန်ဆောင်မှုကဏ္ဍနှင့် နိုင်ငံတွင်းရင်းနှီးမြှုပ်နှံမှု/လုပ်ငန်းလည်ပတ်မှု နှစ်ကာလများ စသော အချက်အလက်များ ကွဲပြားခြင်း။
- ဤစစ်တမ်း၏ရလဒ်များသည် ရာနှင့်ချီသောကုမ္ပဏီများ၏ အတွေးအမြင်အချက်အလက်များပါဝင်သောကြောင့် ကမ္ဘာ့ဘဏ်ကဲ့သို့သောနိုင်ငံတကာအဖွဲ့အစည်းများမှ ပြုလုပ်သော ဘောဂဗေဒဆိုင်ရာ လေ့လာတွေ့ရှိမှုများကို တဖက်တလမ်းမှ အထောက်အကူပေးခြင်း။
- ဤစစ်တမ်းသည်မြန်မာနိုင်ငံတွင်လက်ရှိတစ်ခုတည်းသောလေ့လာမှုဖြစ်ပြီး နိုင်ငံတွင်းရှိကုမ္ပဏီများအပေါ် လက်ရှိနှင့်အနာဂတ်တွင် ဖြစ်ပေါ်နေသော အကျပ်အတည်း၏သက်ရောက်မှုများကို တင်ပြထားခြင်း။

## ကုမ္ပဏီများ၏ နိုင်ငံအလိုက်ပါဝင်ဖြေဆိုမှု




## နိုင်ငံခြားကုန်သည်ကြီးများအသင်း၏ အသင်းဝင်များအလိုက် ပါဝင်ဖြေဆိုမှု




## ဝန်ထမ်းအရေအတွက်အလိုက် ကုမ္ပဏီများ

| | အားလုံး | | မြန်မာ | | ဂျပန် | | အနောက်နိုင်ငံများ | | အာဆီယံ | |
|---|---|---|---|---|---|---|---|---|---|---|
| ဝန်ထမ်း ၁၀ယောက်အောက် | 29,57% | 110 | 16,67% | 9 | 31,32% | 57 | 29,57% | 34 | 29,41% | 5 |
| ဝန်ထမ်း ၁၀ ယောက်မှ အယောက် ၅၀ ကြား | 31,99% | 119 | 35,19% | 19 | 34,07% | 62 | 29,57% | 34 | 23,53% | 4 |
| ဝန်ထမ်းအယောက် ၅၀ မှ အယောက် ၂၀၀ ကြား | 21,77% | 81 | 24,07% | 13 | 21,43% | 39 | 22,61% | 26 | 23,53% | 4 |
| ဝန်ထမ်းအယောက် ၂၀၀ မှ အယောက် ၅၀၀ ကြား | 5,65% | 21 | 3,70% | 2 | 4,95% | 9 | 7,83% | 9 | 5,88% | 1 |
| ဝန်ထမ်းအယောက် ၅၀၀ မှ အယောက် ၁၀၀၀ ကြား | 2,96% | 11 | 9,26% | 5 | 1,10% | 2 | 2,61% | 3 | 5,88% | 1 |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ဝန်ထမ်းအယောက် ၁၀၀၀ နှင့်အထက် | 8,06% | 30 | 11,11% | 6 | 7,14% | 13 | 7,83% | 9 | 11,76% | 2 |
| **ဖြေဆိုသူစုစုပေါင်း** | | **372** | | **54** | | **182** | | **115** | | **17** |

## [ကဏ္ဍအလိုက် ကုမ္ပဏီများ]

| | **အားလုံး** | | **မြန်မာ** | | **ဂျပန်** | | **အနောက်နိုင်ငံများ** | | **အာဆီယံ** | |
|---|---|---|---|---|---|---|---|---|---|---|
| စိုက်ပျိုးရေး၊ အစားအစာနှင့် အဖျော်ယမကာ | 5,65% | 21 | 7,41% | 4 | 4,40% | 8 | 4,35% | 5 | 0% | 0 |
| ဝန်ဆောင်မှုများ၊ ဘဏ်လုပ်ငန်း၊ ဥပဒေရေးရာ | 30,65% | 114 | 38,89% | 21 | 29,12% | 53 | 30,43% | 35 | 58,82% | 10 |
| ဆောက်လုပ်ရေး၊ စွမ်းအင် | 27,96% | 104 | 14,81% | 8 | 34,62% | 63 | 23,48% | 27 | 11,76% | 2 |
| ကျန်းမာရေး | 3,49% | 13 | 0,00% | 0 | 2,75% | 5 | 6,96% | 8 | 5,88% | 1 |
| သွင်းကုန်၊ဖြန့်ဖြူးခြင်း | 12,37% | 46 | 12,96% | 7 | 13,74% | 25 | 10,43% | 12 | 11,76% | 2 |
| ခရီးသွားလုပ်ငန်း | 5,38% | 20 | 14,81% | 8 | 1,65% | 3 | 6,96% | 8 | 0% | 0 |
| မီဒီယာ၊ ဆက်သွယ်ရေး | 5,11% | 19 | 5,56% | 3 | 3,85% | 7 | 6,96% | 8 | 5,88% | 1 |
| သယ်ယူပို့ဆောင်ရေး | 9,41% | 35 | 5,56% | 3 | 9,89% | 18 | 10,43% | 12 | 5,88% | 1 |
| **ဖြေဆိုသူစုစုပေါင်း** | | **372** | | **54** | | **182** | | **115** | | **17** |

## [နှစ်အလိုက် မြန်မာနိုင်ငံအတွင်း လုပ်ငန်းလုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများ]

| | **အားလုံး** | | **မြန်မာ** | | **ဂျပန်** | | **အနောက်နိုင်ငံများ** | | **အာဆီယံ** | |
|---|---|---|---|---|---|---|---|---|---|---|
| ၁ နှစ်အောက် | 2,69% | 10 | 3,70% | 2 | 2,75% | 5 | 0,87% | 1 | 0% | 0 |
| ၁ နှစ်မှ ၃ နှစ်အတွင်း | 14,25% | 53 | 16,67% | 9 | 14,29% | 26 | 12,17% | 14 | 17,65% | 3 |
| ၃နှစ် မှ ၅ နှစ်အတွင်း | 19,62% | 73 | 22,22% | 12 | 15,93% | 29 | 21,74% | 25 | 11,76% | 2 |
| ၅ နှစ်မှ ၁၀ နှစ်အတွင်း | 45,16% | 168 | 31,48% | 17 | 50,55% | 92 | 44,35% | 51 | 47,06% | 8 |
| ၁၀ နှစ်နှင့်အထက် | 18,28% | 68 | 25,93% | 14 | 16,48% | 30 | 20,87% | 24 | 23,53% | 4 |
| **ဖြေဆိုသူစုစုပေါင်း** | | **372** | | **54** | | **182** | | **115** | | **17** |

## တွေ့ရှိချက်များအကျဉ်းချုပ်

မျှော်လင့်ထားသည့်အတိုင်း ၂၀၂၀ ခုနှစ်တွင် Covid-19 ကြောင့် ဖြစ်ပေါ်လာသော ရိုက်ခတ်မှုများကို ကုမ္ပဏီများအားလုံးနီးပါးသည် တစ်နှစ်ကြာခံစားခဲ့ရကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

ဟိုတယ် နှင့် နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများသည် ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာသော အကျပ်အတည်းဒဏ်ကို အများဆုံးခံရသော လုပ်ငန်းများဖြစ်သည်။

သို့ရာတွင် ကုမ္ပဏီ၏လည်ပတ်မှုမှာနှေးကွေးနေပြီး ဝင်ငွေများ သိသိသာသာကျဆင်းနေသော်လည်း ကုမ္ပဏီအများစုသည် ၎င်းတို့၏ လုပ်ငန်းများကို ဆက်လက်လည်ပတ်နေစေရန် ကျားကန်ထားဆဲ ဖြစ်သည်။

၎င်းတို့၏ လူစွမ်းအားအရင်းအမြစ်များကို ကြုံတွေ့ရသော အခြေအနေများ၊ စိန်ခေါ်မှုများနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ပေးရန်အတွက် အခက်အခဲများရှိသော်လည်း စစ်တမ်းအရ ကုမ္ပဏီအများစုသည် ၎င်းတို့၏ ဝန်ထမ်းများအပေါ် အခြေအနေ၏ ဆိုးကျိုးသက်ရောက်မှုကို ကန့်သတ်ရန် အတတ်နိုင်ဆုံး လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

လက်တွေ့တွင် ၎င်းတို့ထဲမှ အများစုသည် အလုပ်ခန့်ထားမှုစာချုပ်များ၊ လစာများကို မူလအတိုင်း ဆက်လက်ထိန်းသိမ်းထားပြီး ကျန်ကုမ္ပဏီများသည် လစာကို တတ်နိုင်သမျှအနည်းဆုံးလျှော့ခြင်းနှင့် အပိုဆုကြေးများကို အနည်းဆုံးအထိ လျှော့ချခြင်းနည်းကိုသာ အသုံးပြု၍ လုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရန် လုပ်ဆောင်ခဲ့ကြသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်း နှင့် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများမှ လွဲ၍ ကျန်ရှိသော စီးပွားရေးလုပ်ငန်း အများစုသည် ဝင်ငွေလည်ပတ်မှုလုံးဝမရှိသောကြောင့် ရပ်တန့်ထားရသော အခြေအနေသို့ မရောက်ရှိခဲ့ကြပါ။

ထို့ကြောင့်ရောဂါဖြစ်ပွားပြီး တစ်နှစ်အကြာတွင်ပင် လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ သက်ရောက်မှုများသည် ကဏ္ဍအလိုက်နှင့် ကုမ္ပဏီများအတွက် ယခင်အတိုင်း အပြည့်အဝလည်ပတ်ရန် ကန့်သတ်ချက်ရှိနေဆဲ ဖြစ်သော်လည်း ၂၀၂၁ ခုနှစ်တွင် Covid-19 အကျပ်အတည်း၏ ဆိုးကျိုးများမှလည်း မြန်မာနိုင်ငံ၏စီးပွားရေးသည် ဒေသတွင်းရှိ အခြားနိုင်ငံများနည်းတူ ကူးစက်ရောဂါကို ထိန်းချုပ်နိုင်သည်နှင့်အမျှ ပြန်လည် နာလန်ထူနိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။

အမှန်တကယ်လည်း စစ်တမ်းအချက်အလက်များအရ ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ကုမ္ပဏီအများစုသည် မြန်မာနိုင်ငံတွင် သူတို့၏ လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများကို မူလအတိုင်းလည်ပတ်ရန်နှင့် အချို့ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့ရန်ပင် စီစဉ်ခဲ့ကြောင်း တွေ့ရှိရသည်။ သို့သော် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ရပ်များကြောင့် ထိုအစီအစဉ်များ ရပ်ဆိုင်းသွားရသည်။

စစ်တမ်းတွင်ပါဝင်ခဲ့ကြသော ကုမ္ပဏီများ၏ ဖြေဆိုမှုအရ ၂၀၂၁ ခုနှစ် ဖြစ်ရပ်များ၏ အကျိုးသက်ရောက်မှုသည် နှစ်လအတွင်းတွင်ပင် ကူးစက်ရောဂါ ဖြစ်ပွားခဲ့သော တစ်နှစ်တာထက် ကုမ္ပဏီများအပေါ် ပိုမိုဆိုးရွားသည့်ဆိုးကျိုး သက်ရောက် စေခဲ့သည်ဟု သိရှိရသည်။

ကုမ္ပဏီအတော်များများသည် လွန်ခဲ့သောနှစ်လအတွင်း ဝင်ငွေလုံးဝမရရှိခဲ့ကြသည့်အပြင် အချို့မှာ ၂၀၂၀ ခုနှစ်အတွင်းကပင် လည်ပတ်နိုင်ခဲ့သော လုပ်ငန်းများကို ရပ်ဆိုင်းခဲ့ရသည်။

ထို့အပြင် လူမျိုးပေါင်းစုံ နိုင်ငံပေါင်းစုံမှကုမ္ပဏီများ၊ ကဏ္ဍအားလုံး၊ အရွယ်အစားအမျိုးမျိုးရှိသော ကုမ္ပဏီများသည် ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီလ မှစတင်၍ သူတို့၏ လုပ်ဆောင်မှုများကို ရပ်တန့်ခဲ့ရပြီး ဝင်ငွေကျဆင်းမှုများကို တွေ့မြင်ခဲ့ရသည်။ ၎င်းအပြင် သူတို့ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများကိုကျော်လွှားရန် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို တိုးမြှင့်ခြင်း မှလွဲ၍ အခြားရွေးချယ်စရာမရှိတော့ပါ။ ထိုကဲ့သို့လုပ်ဆောင်မှုများသည် ကုမ္ပဏီများ၏ လူစွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုအပေါ် တိုက်ရိုက် ဆိုးကျိုးရှိပါသည်။

အကျိုးဆက်အနေဖြင့် များစွာသော အလုပ်ရပ်ဆိုင်းမှုများနှင့် လစာလျှော့ချခြင်း ဖြစ်ရပ်များဖြစ်ပေါ်လာရသည်။

ကုမ္ပဏီများသည် လစာမဲ့ခွင့်များပေးခြင်း၊ အချိန်ပိုင်းအလုပ်များ လုပ်ခိုင်းခြင်း နှင့် အလုပ်ခန့်ထားခြင်းများ အားလုံးကို ရပ်ဆိုင်းခြင်းများကိုသာ ဆက်လက်လုပ်ဆောင်ခဲ့ရသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဖြစ်ပွားခဲ့သောအဖြစ်အပျက်များမှ တိုက်ရိုက်ဖြစ်ပေါ်လာသော စိန်ခေါ်မှုများနှင့် ဆိုးကျိုးများကြောင့် ကုမ္ပဏီအမြောက်အများသည် ယခုအခါမြန်မာနိုင်ငံတွင် သူတို့၏လုပ်ငန်းများအားလုံးကို လျှော့ချရန် သို့မဟုတ် အဆုံးသတ်ရန်စီစဉ်နေခြင်း၏ အဓိကအကြောင်းရင်းများဖြစ်သည်။

အထက်ပါအကြောင်းရင်းများကြောင့် လာမည့်လများတွင် အလုပ်ခန့်ထားခြင်းစာချုပ်များကို ရပ်ဆိုင်းခြင်းနှင့် လစာလျှော့ချခြင်းတို့အား ပိုမို ဖြစ်ပေါ်လာစေလိမ့်မည်။ ဤအဖြစ်အပျက်များသည် ရေရှည်တွင် ကြာမြင့်သော လူမှုရေးအကျပ်အတည်း၊ ဝယ်ယူနိုင်မှုစွမ်းအား လျော့ကျခြင်း၊ အထွေထွေအလုပ်သမားများ၏ လူနေမှုအဆင့်အတန်း နိမ့်ကျခြင်း တို့ကို ဖြစ်ပေါ်စေနိုင်ပြီး လာမည့်လများအတွင်း အထူးသဖြင့် ကုမ္ပဏီကြီးများသည် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုများကို တတ်နိုင်သမျှချုံ့ပစ်နိုင်ခြေနှင့် ဝန်ထမ်းအမြောက်အများကို လက်လွှတ်နိုင်ခြေရှိသောကြောင့် အလုပ်လက်မဲ့များပြားမှု ပြဿနာများလည်းပေါ်ပေါက်လာနိုင်သည်။


အကောင်းဘက်ကကြည့်လျှင်မူ ယနေ့အချိန်အထိ ကုမ္ပဏီများစွာသည် ၎င်းတို့၏ ဆုံးဖြတ်ချက်များနှင့် မဟာဗျူဟာများကို အပြီးသတ်နိုင်ခြင်းမရှိသေးပါ။ ဆိုလိုသည်မှာ ၂၀၂၁ ခုနှစ် အကုန်တွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး အခြေအနေ တိုးတက်လာပါက လက်ရှိအခြေအနေသည် ပိုမိုဆိုးဝါးလာလိမ့်မည် မဟုတ်ပါ။

အခြားတဖက်တွင်မူ ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်တွင် နိုင်ငံရေးနှင့် စီးပွားရေး အခြေအနေများတိုးတက်လာခြင်းမရှိပါက လုပ်ငန်းလည်ပတ်မှုများ အားလုံးကို ရပ်ဆိုင်းခြင်း၊ ဝန်ထမ်းများကို အလုပ်မှ ရပ်ဆိုင်းခြင်း သို့မဟုတ် လုပ်ငန်းလည်ပတ်မှုများကို လျှော့ချခြင်း နှင့် လစာလျှော့ချခြင်းတို့ ဖြစ်ပေါ်လာနိုင်မည်ဟု ကြိုတင်ခန့်မှန်းနိုင်ပြီး ယခုနှစ်ကုန်ပိုင်းတွင် ယခင်ထက် နှစ်ဆ ပိုမိုဆိုးရွားလာလိမ့်မည် ဖြစ်သည်။


## နှိုင်းယှဉ်ပြဇယား

## လုပ်ငန်းလည်ပတ်မှုကို ၂၅%မှ ၇၅ % အထိ လျှော့ချခြင်း


<u>နိုင်ငံအလိုက်</u>




<u>ကဏ္ဍအလိုက်</u>




## <u>အရွယ်အစားအလိုက် (ဝန်ထမ်းအရေအတွက်)</u>





## ဝင်ငွေ ၂၅%မှ ၇၅ % အထိ လျော့ကျသွားခြင်း


ကုမ္ပဏီများကို နိုင်ငံအလိုက် နှိုင်းယှဉ်ပြဇယား





ဝင်ငွေလုံးဝမရှိသော ကုမ္ပဏီများကို နိုင်ငံအလိုက် နှိုင်းယှဉ်ပြဇယား




## <u>ကဏ္ဍအလိုက်</u>




အရွယ်အစားအလိုက် (ဝန်ထမ်းအရေအတွက်)





**လစာ၏ ၂၅% မှ ၇၅% နှင့်အထက်လျှော့ချခြင်း**


နိုင်ငံအလိုက်



ကဏ္ဍအလိုက်





အရွယ်အစားအလိုက်




**အလုပ်ခန့်ထားခြင်းဆိုင်ရာ စာချုပ်များကို ၂၅% မှ ၁၀၀% အထိ ရပ်စဲခြင်း**

<u>နိုင်ငံအလိုက်</u>




<u>ကဏ္ဍအလိုက်</u>



အရွယ်အစားအလိုက် (ဝန်ထမ်းအရေအတွက်)

